# သူဝေး

# နန်းတွင်းကျောင်းသား



# ၂၀၀၃ - ဩဂုတ်လ

သူသည် စပိန်အမျိုးသားနေ့ တစ်နေ့တွင် မွေးဖွားခဲ့သော မြန်မာအမျိုးသား တစ်ဦးဖြစ်ကာ ၂၀၀၃ ခုနှစ် ဝန်းကျင်တွင် သူ့အသက်သည် ၁၃၊ ၁၄ ဝန်းကျင်ဖြစ်သည် ။ သူသည် ဝက်သားဟင်းကို မကြိုက်သော်လည်း ဝက်သားတုတ်ထိုးကို ကြိုက်သော သာမန် လူငယ်တစ်ယောက် ဖြစ်သည် ။

လွန်ခဲ့သည့် နှစ် (၁၀၀) ကျော်ခန့်က ဤနေရာတွင် ဝက်သားတုတ်ထိုးဆိုင် မရှိသေး။ ထိုအချိန်တုန်းက ဆိုလျှင် ပဟိုရ်စည်သို့ သွားနေသော ရဲမက်များ ၊ ဦးထိပ်တံတားသို့ သွားနေသော စစ်သည် များ ဖြင့် ဤနေရာသည် ရှုပ်ယှက်ခတ်နေလိမ့်မည်။ ပြီးတော့ တခြား ဘယ်လို အသေးစိတ် အဖြစ်အပျက်မျိုး မြောက်မြားစွာ ဖြစ်ခဲ့မလဲ။ ရဲမက်တစ်ဦးက သီပေါဘုရင်ထံ လျှောက်တင်ရန် စာပေလွှာတစ်စောင်ကို ရင်ဝယ်ပိုက်၍ မြင်းကို ဒုန်းစိုင်း စီးနှင်လာရာမှ ဤနေရာ အရောက်တွင် အရှိန်လျှော့၍ မြင်းပေါ်မှ ဆင်းကာ မှန်နန်းတော် လှေကားထစ်များ ဆီ အပြေးသွားနေခဲ့လိမ့်မည်လား။ သို့မဟုတ် စုဘုရားလတ်က အပျိုတော်တစ်သိုက်နှင့် နန်းတော်ရှေ့ လမ်းတော်လျှောက်ရန် ဆင်းလာရာမှ အပျိုတော်တစ်ယောက်ကို စိတ်အခန့်မသင့်၍ ခေါင်းလှမ်း ခေါက်နေသည့် အဖြစ်အပျက်မျိုးလည်း ရှိခဲ့လိမ့်မည်လား။

မည်သို့ပင် ဖြစ်ခဲ့ဖြစ်ခဲ့ ယခုတော့ ဤနေရာတွင် တွန်းလှည်းနှင့်

ရောင်းသော ဝက်သားတုတ်ထိုးဆိုင် တစ်ဆိုင်တော့ သေချာပေါက် ရှိနေခဲ့ပြီ ဖြစ်သည် ။ ရှိ၍ ယခုပင် သူသည် ဝက်သုံးထပ်သား တုတ်ထိုးတစ်ချောင်းကို အချဉ်ရည် နည်းနည်းတို့ ကာ ပါးစပ်ထဲထည့်၍ ဝါးစားလိုက်ပြီ ဖြစ်သည် ။ သူ့ဘေးမှ စိုးကုလားကလည်း အူပိတ်တွေကို တစ်ချောင်းပြီး တစ်ချောင်း စားနေသည် ။ စိုးကုလားသည် ကုလားမဟုတ်ပေ။ သို့သော် မည်သူက စိုးကုလားဟု စတင်ခေါ်လိုက်မှန်း သူ့အမည်၏ ရာဇဝင်ကို လိုက်၍ မရတော့ဘဲ အားလုံး၏ ပါးစပ်ဖျားတွင် စိုးကုလားဟူသည့် အမည်သာတွင် နေတော့သည် ။ စိုးကုလားတို့ တစ်အိမ်လုံး အသားအရေ မည်းကြသည် နှင့် အားလုံးက ကုလားဟု အလွယ် သတ်မှတ်လိုက်ကြပုံ ပေါ်သည် ။ စိုးကုလားက သူ ကုလားမဟုတ်ကြောင်း ဗမာစစ်စစ် ဖြစ်ကြောင်းတော့(မေးသူရှိလျှင်) သူ့ကိုယ်သူ ယုံကြည်စွာ ပြောနိုင်သည် ။ သူလည်း ယုံသည် ။ တကယ်တော့ ယုံသည် ဆိုခြင်းထက် ယုံခြင်းမယုံခြင်း ကလည်း သူနှင့် စိုးကုလားကြားမှာ တစ်ခါမှ စဉ်းစားဖြစ်သည့် အရာ မဟုတ်သလို အရေးလည်း မပါလှ။ ကုလားဖြစ်ဖြစ်၊ မဖြစ်ဖြစ် စိုးကုလားနှင့် သူသည် သူငယ်ချင်း ဖြစ်သည် ကတော့ သေချာသည် ။

ယခု သူနှင့် စိုးကုလားသည် ဝက်သားတုတ်ထိုး စားနေကြသည် ။ ထိုစဉ်တုန်းက ဝက်သားတုတ်ထိုး တစ်ချောင်း တစ်ဆယ်ဖြစ်သည် ။ နောင်တွင် ဝက်သားတုတ်ထိုးများမှာ တစ်ချောင်းကို တစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ စသဖြင့် ပြောင်းလဲသွားမည်ကို ထိုအချိန်က သူတို့ မတွေးဖြစ်ခဲ့ကြပါ။ တစ်ယောက်ကို အချောင်းနှစ်ဆယ်စီ စားပြီး ဟင်းရည်သုံးခွက်ခန့် သောက်ပြီးသောအခါ သူတို့ ဝက်သားတုတ်ထိုး စားပုံမှာ အနည်းငယ် လေးတိလေးကန် နိုင်လာသည် ဟု ယူဆနိုင်လာသည် ။

ဝက်သားတုတ်ထိုးဆိုင်သည် "မြနန်းစံကျော် ရွှေနန်းတော်"ဟု ခေါ်

သော မန္တလေး ရှေးမင်းနေပြည်တော်တည်ရာ အဆောက်အအုံများ ၏ အရှေ့ဘက်၊ ပဟိုရ်စည်နှင့် စွယ်တော်စင် ကြားမှ မိန်းလမ်း၊ သစ်လုံးခံတပ်၏ အရှေ့ဘက် လမ်းလေးခွဆုံနားတွင် ရှိခြင်းဖြစ်သည် ။ အချိန်သည် ညနေ ဖြစ်သည် ။ လေက ငြိမ်နေသည် ။ သစ်လုံးခံတပ်၏ ထိပ်အချွန်တွင် နားနေသော ငှက်အနက် တစ်ကောင်က အား … ဟု တိရစ္ဆာန် အသံတစ်ခုကို အော်ဟစ်လိုက်သည် ကို သူ ဟင်းရည်သောက်ရင်း အမှတ်တမဲ့ လှမ်းမြင် လိုက်သေးသည် ။

ထိုအချိန်တွင် စိုးကုလားက သူ့ထက်အရင် တစ်စုံတစ်ရာကို လှမ်းတွေ့လိုက်ရသည် ။ စိုးကုလားက လေသံတိုးတိုးဖြင့် "ဟေ့ကောင်…" ဟု ခေါ်ကာ မေးငေါ့ပြ၍ သူလည်း စိုးကုလား ညွှန်ပြရာကို လှမ်းကြည့် လိုက်သည် ။ လမ်းပေါ်မှ တိုးရစ်စုံတွဲကို ဖြစ်သည် ။ တိုးရစ်စုံတွဲသည် လူသွားလမ်းဘေးတွင် မျက်နှာချင်း နီးကပ်ကာ မဖွယ်မရာအမူကို ပြုနေကြသည် ။ အစက တိုးရစ်စုံတွဲမှ မိန်းမ၏ မျက်လုံးထဲ ပိုးကောင်တစ်ကောင်(သို့မဟုတ်) အမှိုက်တစ်စ ဝင်သွားသောကြောင့် တိုးရစ်ယောကျ်ားက မျက်လုံးကို လေနှင့် မှုတ်ပေးနေတာဟု ထင်မိသည် (အစက ထင်သည့် အတိုင်းလည်း ဖြစ်ရင် ဖြစ်နေနိုင်သည် )။ နောက်တော့ သူတို့ နှစ်ဦးသည် အချင်းချင်း နှုတ်ခမ်းထိကာ နမ်းရှိုက်လိုက်သည် ။ သူနှင့် စိုးကုလား ဟင်းရည်ဇွန်းများ လေထဲမှာ တန့်ပြီး မျက်လုံးပြူးသွားကြသည် ။ ဝက်သားတုတ်ထိုးသည် ကလည်း လှမ်းကြည့်ပြီး ပြည်တည်တည် တစ်ချက်ရယ်ကာ ဝက်သားအူတစ်ခွေကို စဉ်းတီတုံးပေါ် တင်၍ ခုတ်လိုက်သည် ။ လူသွားလမ်းဘေးတွင် အချိန်အတော်ကြာအောင် သူတို့ ထိုသို့ ပြုမူနေကြသည် ကို ဖြတ်သွားဖြတ်လာ များ နှင့် မလှမ်းမကမ်းမှ ရှိနေသူများက မြင်သွားကြသည် ။ သို့သော် မည်သူကမှ "ဟေ့လူတွေ… လူမြင်ကွင်းမှာ ဒါမျိုး မလုပ်ကြနဲ့ ၊ ကျုပ်တို့ မြန်မာ

နိုင်ငံမှာ ဒါမျိုးလုပ်တာ မယဉ်ကျေးဘူး"ဟု သွားရောက် ပြောဆိုခြင်း မပြုကြ။

အင်္ဂလိပ်စကားနှင့် ဘယ်လိုပြောရမှန်း မသိတာကြောင့် ကော၊ အားနာတာကြောင့် ကော၊ မရဲတာကြောင့် ကော ဖြစ်မည်။ တိုးရစ်စုံတွဲကလည်း အင်္ဂလိပ်ဟုတ်ချင်မှ ဟုတ်မည်။ တိုးရစ်စုံတွဲ၏ ဆံပင်ကိုကြည့်၍ သူက ဂျာမန်ဟု ထင်သည် ။ ပြင်သစ်လည်း ဖြစ်ချင် ဖြစ်နေနိုင်သည် ။ သို့သော် ပြင်သစ်ရုပ်နှင့် ဂျာမန်ရုပ်ကို ဆင်တူလှသည် ဟု တော့ သူ မထင်ပါ။ လောလောဆယ် ယခုမြေမှာ တော့ မြန်မာ့မြေဖြစ်၍ ထိုအမူအရာသည် တစ်ဆိတ် ကာလံဒေသံ မကိုက်လှ။ ထိုတိုးရစ်စုံတွဲသည် အချိန် အတော်ကြာအောင် နမ်းရှိုက်နေကြပြီး ဆက်သွားသည် ။ သုံးလေးလှမ်းသွားပြီး ထပ်နမ်းနေကြပြန်သည် ။ နမ်းပြီး ဆက်သွားပြန်သည် ။ နောက်ဆုံး မြနန်းစံကျော် ရွှေနန်းတော်ဟု ခေါ်သော မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက်တို့ နန်းတည်ရာ နန်းတော်ထဲသို့ နိုင်ငံကြီးသား သူကောင်းသား စုံတွဲတစ်တွဲက ဝင်ရောက် သွားကြလေသည် ။

စိုးကုလားက...

"ဟော့ကောင် ငချက် လိုက်ကြည့်ရအောင်"

သူ့ကို ပြောလာသည် ။ သူ့ကို သူငယ်ချင်းတွေက 'ငချက်' ဟု ခေါ်ကြသည် ။ သူကလည်း ထိုအမည်ကို အစပိုင်း သိပ်မကြိုက်လှသော်လည်း နောက်ပိုင်း ကြိုက်သွားသည် ။ ယခုဆို သူ့အမည်ရင်းခေါ်လျှင်ပင် သူစိမ်းတစ်ယောက်ကို ခေါ်နေသလို သူနှင့် သူ့နာမည် စိမ်းဝေးသွားခဲ့ပြီ ဖြစ်သည် ။

လမ်းပေါ်တွင် ဆိုက်ကားသမား သုံးယောက်ခန့်သည် ပြည်တည်တည် မျက်နှာပေးများ နှင့် သူတို့ ၏ ဆိုက်ကားများကို နန်းတော်ဆီသို့ ဦး

တည် ကာ အသားကုန် နင်းသွားကြသည် ။

စိုးကုလားက...

"ဟေ့ကောင် မြန်မြန်သွားမှ ဖြစ်မယ်၊ တခြားလူတွေလည်း သွား ကုန်ပြီ"

သူနှင့် စိုးကုလားသည် မှန်နန်းဆောင်နှင့် မနီးမဝေးတွင် စက်ဘီးများကို ထားခဲ့ကာ နန်းတော်ထဲသို့ သံစည်းရိုးကို ကျော်၍ ဝင်ခဲ့ကြသည် ။ နန်းတော်ထဲကို သူ့ဝင်ပေါက် ထွက်ပေါက် အမှန်အတိုင်းဝင်လျှင် ဝင်ကြေးငွေပေးရသည် ။ သူတို့ က ဝင်ကြေး ပေးမနေတော့ဘဲ နန်းတော်၏ အရှေ့မြောက်ဘက်ရှိ မင်းကြီးကိုးပါး ကြေးရုပ်တုတွေနားတွင် စက်ဘီးများကို သော့ခတ်၍ ထားခဲ့ကြပြီး နန်းတော် ဘေးဘက်မှ သံဆူးတိုင်များကို ကျော်လွှားကာ နန်းတော်ထဲ ဝင်ခဲ့ကြသည် ။ အထဲရောက်တော့ ထင်သည့် အတိုင်းပင်။ တိုးရစ်စုံတွဲမှာ ထပ်နမ်းနေကြပြန်သည် ။ ဒီတစ်ခါတော့ မိဖုရားဆောင် တစ်ဆောင်ရှေ့မှ အုတ်ရိုးတစ်ခုပေါ်တွင် ထိုင်ကာ သေချာ နမ်းနေကြသည် ။ နန်းတော်ထဲမှာ အဆောင်တွေက အများကြီး။ အဆောင်နာမည် တပ်မထားလျှင် သူတို့ က အလွယ်ပဲ မိဖုရားအဆောင်ဟု ခေါ်ဝေါ်တတ်ကြသည် ။ တကယ်လည်း မိဖုရား အဆောင်တွေ ကပဲ များ နေခဲ့သည် ကိုး။

ခုနက ဆိုက်ကားသမားများ သည် နန်းတော်တိုင်လုံးများကို အပီအပြင် ကွယ်ကာ တိုးရစ်စုံတွဲကို ချောင်းနေကြသည် ။ သူသည် တိုးရစ်စုံတွဲကို ထိုသို့ မလုပ်သင့်ရန် သွားပြောရမလား တစ်ချက်စဉ်းစားဖြစ်သည် ။ ခေါင်းထဲမှာ ဘယ်လို သွားပြောရမလဲဟု အင်္ဂလိပ်စာလုံး တချို့ကို စဉ်းစားကြည့်သေးသည် ။ သို့သော် သူ သွားပြော၍ မဖြစ်။ ထိုသို့ သွားပြောလျှင် တိုးရစ်စုံတွဲက ဘာမှ မလုပ်ဘဲ နေရင်နေမည်၊ အတွဲ

ချောင်းနေကြသူများကတော့ သူ့ကို ငြိုငြင်ကြလိမ့်မည်။ သူတို့ မျက်စိနှင့် အရသာခံနေသည် ကို ကိုယ်က သူတော်ကောင်းကြီး ဝင်လုပ်ကာ အနှောင့်အယှက် ပေးလိုက်သလို ဖြစ်သွားမည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် နန်းတော်ကြီး၏ ဂုဏ်သိက္ခာကို သူ ကာကွယ်ချင်စိတ် အနည်းငယ်မျှ ရှိသော်လည်း တခြားသူတွေနှင့် ပြဿနာ တက်ရမှာ ကိုတော့ အာရုံနောက်သည် ။

စိုးကုလားက အားမလိုအားမရ မျက်နှာဖြင့် ပြောသည် ။

"ဒီအတိုင်းချည်းပဲ နမ်းနေကြတာကွာ..."

စိုးကုလား၏ စိတ်ထဲတွင် ဒီ့ထက်ပို မျှော်လင့်နေသည် ။ စိုးကုလားမှ မဟုတ် ချောင်းကြည့်နေသူများ မှာ လည်း ထိုအတိုင်း မျှော်လင့်ကြမည် ဟု သူသိသည် ။ ဤနေရာတွင် မင်းတုန်းမင်းတရားကြီးသာ ရှိလျှင် ထိုပြည်ပစုံတွဲ၏ လူမြင်ကွင်း ချစ်ရည်လူးနေမှုကို မည်သို့ သဘောထားမည်နည်းဟု အထူးပင် သူ စိတ်ဝင်စားလှသည် ။

တိုးရစ်စုံတွဲက နမ်းရုံအပြင် ဒီ့ထက်ဘာမှ ရှေ့မတိုးကြသည် က တော့ နည်းနည်း ကျေးဇူးတင်စရာ ကောင်းသလို ရှိသည် ။ သူက ချောင်းဆိုးချင်လာသည် ။ အားလုံးက တိတ်ဆိတ်အောင် ထိန်းချုပ်နေချိန်မှ သူ ချောင်းဆိုးလိုက်၍ မဖြစ်။ သူက စိုးကုလားကို ကပ်တိုး ပြောလိုက်သည် ။

"ငါ ပြန်နှင့် တော့မယ်"

"ဘာဖြစ်လို့ လဲ... မပြန်ပါနဲ့ ဟ... ကောင်းနေတာကို"

"မကောင်းပါဘူးကွာ။ ပျင်းစရာကြီး၊ တိုးရစ်မိန်းမကလည်း မလှပါဘူး။ ဒိုးတော့မယ်"

"ငါတော့ နေခဲ့ဦးမယ်"

"အေး... ပြီးရော..."

သူ ထိုနန်းတော်တိုင်လုံးနားမှ အသံတိတ် ထွက်ခဲ့လိုက်သည် ။ သူ နန်းတော်အုတ်ရိုးပေါ်မှ မြက်ခင်းပေါ်ဆင်း၊ မြက်ခင်းမှ တစ်ဆင့် သံစည်းရိုးကို ကျော်ခွကာ အပြင်ကို ခုန်ထွက်ခဲ့သည် ။ စက်ဘီးထားခဲ့ရာ နေရာမှ စက်ဘီးကို ယူကာ သူထွက်ခဲ့သည် ။

သူ သူ့ပြိုင်စက်ဘီးကို ခပ်လေးလေးနင်းကာ နန်းတော်ကြီးကို လက်ယာရစ် ပတ်ခဲ့သည် ။ တကယ်တော့ ဒီနန်းတော်ကြီးထဲတွင် အတွဲတွေ သောင်းကျန်းကြသည် မှာ အဆန်းတော့မဟုတ်။ နန်းတော်ထဲတွင် နေ့ဘက်၌ အစောင့် မည်မည်ရရမရှိ။ ညတွင် တော့ စစ်သားရဲဘော်တချို့ စောင့်ကြပ် တတ်သည် ။ နန်းတော်ထဲတွင် မိဖုရားအဆောင်တွေ များလှသည် ။ တချို့ မိဖုရားဆောင်တွေက အလုံပိတ်တွေဖြစ်သည် ။ တံခါးကို အထဲမှ မင်းတုန်း ချလိုက်လျှင် အထဲတွင် စိတ်ကြိုက်နေနိုင်ရန် အခွင့်အရေး ရသွားမည်။ တခြား မြို့ရွာများ စွာမှ ဘုရားဖူးဧည့်သည် များ ၊ အပန်းဖြေသူများ တကူးတက လာရသော၊ ကမ္ဘာလှည့်ခရီးသည် များမှလည်း လေ့လာကြသော ဤနေရာတွင် သည် လိုအဖြစ်မျိုးတွေ ဖြစ်ပျက်တည်ရှိ နေသည် ကို တခြားသူများ သိရှိလိမ့်မည်မဟုတ်ပေ။ သူလို နန်းတွင်းသား တစ်ယောက် အတွက်တော့ ဤသို့ အဖြစ်အပျက်မျိုးတွေက ကြားရလွန်း၍ ရိုးနေပြီဖြစ်သည် ။ တစ်လောက ဆိုလျှင် လူတစ်ယောက်သည် စိန်ပန်းပင်ပေါ်တက်၍ အတွဲချောင်းရာမှ သစ်ကိုင်းကျိုးကျပြီး နန်းတော်ပတ်လည်ကို ကာရံထားသော သံဆူးချွန်များ ပေါ်သို့ ကျကာ မရှုမလှ အသက် ဆုံးရှုံးခဲ့ရသေးသည် ဆိုသည့် သတင်းမျိုးပင် ကြားလိုက်ရသေးသည် ။ ထိုသတင်းသာ အမှန်ဆို တော်တော် ဆိုးရွားတာပဲ။

သူ မြောက်ဥယျာဉ်ကန်ဘက်မှ စက်ဘီးကို ဖြည်းဖြည်း နင်းလာခဲ့ သည် ။ ထိုအချိန် နန္ဒဝန်ဥယျာဉ်ထဲမှ လူတစ်ယောက် ရုတ်တရက် ပြေးထွက်လာသည် ကို သူတွေ့လိုက်ရသည် ။ သန်မာထွားကျိုင်းကာ ညိုမှောင်းသော အသားအရေနှင့် ထိုလူကြီးသည် ကမူးရှူးထိုး ပြေးလာပြီး သူ့စက်ဘီးရှေ့တွင် ချော်လဲကျသွားသည် ။ သူ စက်ဘီးကို ကမန်းကတန်း ဘရိတ်ဆွဲအုပ် လိုက်သည် ။ ကိုယ့်စက်ဘီးနှင့် တိုက်မိ၍ လဲသည် မဟုတ်သော်လည်း ကိုယ့် စက်ဘီးရှေ့ လာလဲသောအခါ သူစက်ဘီးကို အလိုလို ရပ်မိသွားသည် ။ သူ ထိုလူကြီးကို ထူးဆန်းစွာ ကြည့်လိုက်သည် ။ ထိုလူကြီးသည် ရှေးနန်းတွင်း အဝတ်အစားကို ဝတ်ထားသည် ။ သူ့တစ်ကိုယ်လုံး ဒဏ်ရာအတိုအထွာများ စွာ ပြည့်နှက်နေပြီး သွေးတွေလည်း မြင်မကောင်းအောင် ထွက်နေသည် ။

သူ စိုးရိမ်သွားပြီး စက်ဘီးကို ဒေါက်ထောက်ကာ ဆင်းလိုက်သည် ။

"ဟာ... ဦးလေး... ဘာဖြစ်လာတာလဲ သွေးတွေနဲ့ ..."

ထိုလူကြီးက သွေးတစ်ချက် ပွက်ထွက်လာသော ရင်ဘတ်မှ ဒဏ်ရာ အပေါက်တစ်ခုကို လက်နှင့် ပိတ်လိုက်သည် ။

"ငါ... ငါ... ဘာဖြစ်လာတာလဲ"

ကိုယ်ဘာဖြစ်လို့ ဖြစ်လာမှန်းမသိသော ရှေးခေတ် အဝတ်အစားနှင့် ၊ သွေးဒဏ်ရာတွေနှင့် လူကြီးကို သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည် ။

"ငါ ဘာဖြစ်လာသလဲ ငါလည်း မမှတ်မိတော့ဘူး။ အဲဒါတွေ အသာထားပါ။ ငါ့ကို 'အောင်ပင်လယ်' ဘယ်လိုပြန်ရမလဲသာ ပြော"

"အောင်ပင်လယ်"

သူ သံယောင်လိုက်၍ ရေရွတ်ဖြစ်သည် ။

"အေး..."

"အာ... အောင်ပင်လယ်က ဒီကနေဆို အဝေးကြီးကို"

နန်းတွင်းနှင့် အောင်ပင်လယ်က လက်ညှိုး ဟိုသည် ထိုး၍ လမ်းညွှန်ပြရန် အဆင်ပြေသော အကွာအဝေး မဟုတ်။

"ပြောမှာ သာ ပြောစမ်းပါ"

သူ သက်ပြင်းတစ်ချက် ချလိုက်သည် ။ ထိုလူကြီးသည် အဘယ်ကြောင့် အောင်ပင်လယ် သွားမည့် လမ်းကို အရေးတကြီး သိချင်နေသနည်း။ တကယ်ဆို ဆေးရုံဆေးခန်းတစ်ခုကို အမြန်ပို့ခိုင်းတာမျိုး ဖြစ်သင့်သည် ။ ထိုလူကြီးက သေရေးရှင်ရေးလေသံနှင့် မေးလာ၍ သူလည်း လိုက်ပါလော သွားမိပြီး အမြန် ဖြေလိုက်ရသည် ။

"ဒီလမ်းအတိုင်းသွား... အရှေ့ပေါက် ရောက်လိမ့်မယ်...။ အဲဒီအခါ ၁၉ လမ်းအတိုင်း တည့်တည့်ထွက်သွား..."

"၁၉ လမ်း..."

"ဟုတ်... ၁၉ လမ်းအတိုင်း တည့်တည့်သွား..."

"၁၉ လမ်းဆိုတာ..."

"နန်းရှေ့တည့်တည့်လမ်းကို ပြောတာလေဗျာ။ အဲဒီလမ်းအတိုင်း တည့်တည့်သွား...၊ သံလမ်းကျော်ရင် ပြင်ဦးလွင်တက်တဲ့ လမ်းအတိုင်း ညာဘက်ကိုကွေ့..."

"သံလမ်းဆိုတာက ဘာလဲ၊ ပြင်ဦးလွင် တက်တဲ့ လမ်းအတိုင်း ဆိုတာကကော..."

ထိုလူကြီးက အူကြောင်ကြောင်နှင့် သူ့ကို ပြန်မေးလာပြန်သည် ။ သူ နည်းနည်း စိတ်ညစ်သွားသည် ။ ထိုလူကြီး သူ့ကို ရစ်နေသည် ဟု သူ တစ်ချက်ထင်လိုက်သည် ။ ထိုလူကြီးကလည်း သူအနည်းငယ် စိတ်ညစ်သွားသည် ကို ရိပ်မိသွားပုံပေါ်သည် ။ ထို့ကြောင့် စကားကို တခြားတစ်နည်းဖြင့် ပြောကြည့်လာပြန်သည် ။

"ကဲ... ကြာပါတယ်။ အခုရောက်နေတဲ့ နေရာကိုသာ ပြောပါတော့... အခု ဘယ်နေရာ ရောက်နေတာလဲ"

"အခုရောက်နေတာ နန်းတွင်းထဲလေ။ ဒီမှာ က နန်းတော်ကြီး"

သူဘေးက ပြာသာဒ်အဆောင်ဆောင်နှင့် နန်းတော်ကြီးကိုလည်း အကြည့်နှင့် တစ်ချက် ညွှန်ပြလိုက်သေးသည် ။ လူကြီးက နန်းတော်ကြီးကို မကြည်မလင် မျက်နှာပေးနှင့် ကြည့်လိုက်သည် ။

"နန်းတွင်းဆိုတာတော့ သိတယ်မဟုတ်လား။ မြန်မာနောက်ဆုံး မင်းဆက် နန်းတည်ခဲ့တဲ့ နေရာလေ။ သက္ကရာဇ် ၁၂၂၁ ခုနှစ်မှာ တည်တာလေ"

သူအနည်းငယ် အချက်အလက်ဆန်ဆန် ပြောမိလိုက်သည် ။ အုတ်ကျစ်ကျော်အေးတွေ၊ အောင်ကျော်ချမ်းအေးတွေ၊ အင်ကြင်းကြာအုံတွေ တော့ မရွတ်ပြမိ။ လူကြီးက မျက်မှောင်ကြုတ်ကာ သူ့ကို ကြည့်သည် ။ သူ့စကား တွေက ထူးဆန်းတာ ဘာမျှမပါပေမယ့် ထိုလူကြီးက ထူးဆန်းနေပုံရသည် ။ သူရှင်းပြရတာ အနည်းငယ် စိတ်မရှည် ဖြစ်လာရသည် ။

"ဦးလေး မသိသေးဘူးလား။ မင်းတုန်းမင်းတို့ ကနောင်မင်းသားတို့ မကြားဖူးဘူးလား"

လူကြီးက ဒဏ်ရာကိုပိတ်ကာ ဖိထားသောလက်ကို ဖျော့တော့စွာ လွှတ်ချလိုက်သည် ။ ဒဏ်ရာ အပေါက်ထဲမှ သွေးအနည်းငယ် စိမ့်ထွက်လာသည် ။ ပြီးလျှင် မျက်လုံးသေများ ဖြင့် နန်းတော်ကြီးကို အသက်မဲ့စွာ မော့ကြည့်လိုက်သည် ။

"မင်းတုန်းမင်းက ငါ့နောင်တော်ပဲလေ။ ငါက ကနောင်မင်းသားပဲ"

"ဗျာ..."

ထိုလူကြီး၏ ရုတ်တရက် အေးစက်စက် ထွက်ကျလာသော စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည် ။ သူမျက်မှောင်ကြုတ်ကာ အရင်က ကနောင်မင်းသား၏ ပုံကို မမြင်ဖူးဘဲ အာရုံခံလိုက်သည် ။ မူလတန်းတုန်းက မြန်မာဖတ်စာအုပ်ထဲမှ ကနောင်မင်းသား၏ ရုပ်ပုံမျိုးကို ခပ်ဝါးဝါး မြင်ယောင်လိုက်မိသည် ။ ထိုမပီမပြင် မြင်ယောင်လိုက်သည့် ပုံနှင့် ယခုမျက်စိရှေ့တွင် ပီပီပြင်ပြင် မြင်ယောင်နေသော လူကြီးနှင့် နှိုင်းယှဉ်ကြည့်တော့ စိတ်က တူသလိုလို အလိုလို ထင်သွားသည် ။

"ဦးလေးက ကနောင်မင်းသား ဟုတ်လား"

ထိုလူကြီး ခေါင်းမသိမသာ ညိတ်ပြလိုက်သည် ဟု သူထင်သည် ။ ထိုအခါမှ မြေကြီးထဲမှ လေတွေ ပန်းထွက်လာကာ သူ့ခန္ဓာကိုယ်ကို ပွတ်သပ် ရှပ်တိုက်သွားသလို ခံစားလိုက်ရသည် ။ ရှိန်းတိန်းတိန်း နိုင်သည့် အေးစက်မှုတစ်ခုက သူ့ကိုယ်သူ ကြက်သီးထသွားကြောင်း သတိပြုမိစေသည် ။ သူ စက်ဘီးကို အမြန်နင်း ထွက်လိုက်ရန် ပြင်သည် ။ သို့သော် ထို ကနောင်မင်းသားဟု ဆိုသော လူကြီးက သူ့စက်ဘီး လက်ကိုင်ကို ဆုပ်ကိုင်ထားလိုက်သည် ။

"မင်း ပြောစမ်းပါဦး လူကလေးရာ။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာ

လဲ"

သူ ကြောက်လန့်နေ၍ စကားပြောမထွက်တော့ဘဲ ဖြစ်နေသည် ။ ချွေးတွေသာ အလွယ်တကူ မြန်မြန်ထွက်လာသည် ။ စကားက လည်ချောင်းထဲတွင် လား၊ လျှာဖျားတွင် လား မသိ၊ ရပ်နေပြီး ပြောမထွက် ဖြစ်နေသည် ။ သွေးပေနေသည့် လက်တစ်ဖက်နှင့် သူ့ပခုံးကို ဆုပ်ကိုင်ကာ ထပ်မေးလာသည် ။ ထိုလူကြီး၏ အသံသည် ဆို့နင့်တုန်ခါနေသည် ။

"ပြောစမ်းပါဦး လူကလေးရာ။ ငါ့ကို အမြန်ပြောစမ်းပါ"

သူ ဘာပြောရမလဲ။ ထိုလူကြီးက တကယ် ကနောင်မင်းသားလား။ တကယ် ကနောင်မင်းသား ဆိုရင်ကော သူက ဘာတွေပြောရမှာ လဲ။ ကုန်းဘောင် နောက်ဆုံးမင်းဆက် ပါတော်မူသွားတာ နှစ် ၁၀၀ ကျော်ပြီဖြစ်သည့် အကြောင်းတွေ သူ ပြောပြရမည်လား။ သူ့ဦးနှောက်မှ ဘာပြန်ပြောရမလဲ စဉ်းစားလျက်နှင့် ပင် သူ့ပါးစပ်က အခြေအနေတစ်ခုကို တိုက်ရိုက်ကျကျ နားလည်သွားဖို့ မျှော်လင့်နိုင်သည့် စကားတစ်ခွန်းကို အလိုအလျောက် ပြောဆိုမိသွားသည် ။

"ဦး… ဦး… ဦးလေးက သေသွားပြီ"

"ဟင်"

သူ လွှတ်ခနဲ ပြောထွက်သွားသည် ။ လူကြီး ကြောင်သွားသည် ။ သူ အရဲစွန့်ပြီး စကားကို ပိုတိကျအောင် အားထုတ် ပြောမိသည် ။

"ဦးလေးသာ ကနောင်မင်းသားဆို ဦးလေးက သေသွားတာ နှစ် ၁၀၀ ကျော်နေပြီ။ မြင်ကွန်းမြင်းခုံတိုင် အရေးတော်ပုံမှာ ဦးလေးကို မြင်ကွန်းမင်းသားကြီးက သတ်လိုက်တာ…"

လူကြီး ကြောင်သွားသည် ။ ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားနှင့် နောက်တစ်လှမ်း ဆုတ်သွားသည် ။ ပါးစပ်မှ တစ်ခုခု ရေရွတ်ချင်သလို လှုပ်ခတ်လှုပ်ခတ် ဖြစ်သွားသေးသည် ။ ခေါင်းကို ဖြည်းညင်းစွာ ခါလာသည် ။

"မဟုတ်တာ... ငါ မသေဘူး... ငါ မသေပါဘူး... ငါ လုပ်စရာတွေ အများကြီး ရှိသေးတယ်... ငါ မသေပါဘူး"

ခေါင်းတွေခါရင်း ရေရွတ်လာသည် ။ တဖြည်းဖြည်းနှင့် ခေါင်းခါမှုက မြန်ဆန်လာသည် ။ ခေါင်းခါလွန်း၍ ခေါင်းကြီးပင် ပြုတ်ထွက်သွားမလို ဖြစ်လာသည် ဟု သူ ထင်လာမိသည် ။ ခေါင်းကြီးသာ သူ့မျက်နှာတည့်တည့်ကို လွင့်လာရင် သူ ဘယ်လိုရှောင်ရပ့ါ။ ထိုကနောင်မင်းသားဆိုသူသည် စိတ်တွေ ကယောက်ကယက် ဖြစ်လာသည် နှင့် အတူ သူ့ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာပေါင်း များ စွာထံမှ သွေးများ ထွက်ကျလာပြန်သည် ။

"ဟင့်အင်း... ငါ မသေဘူး..."

ကြေကွဲချောက်ချားစွာ အော်ဟစ်၍ အဝေးသို့ ပြေးထွက်သွားတော့သည် ။ သူ လူကြီး ပြေးထွက်သွားသည့် ဘက်ကို လည်ပြန်လှမ်းကြည့်လိုက် မိပါသည် ။ ထွက်ပြေးသွားသော လူကြီး၏ သွေးခြေရာများမှာ ကုန်းဘောင်ခေတ်က မရှိသေးသော၊ ယခုခေတ်မှ ရှိသော ကတ္တရာလမ်းမပေါ်မှာ တဖတ်ဖတ်နှင့် ထင်ကျန်ခဲ့သေးသည် ။

သူလည်း စက်ဘီးကို နေရာမှ အမြန်နင်း၍ ထွက်ခဲ့လိုက်တော့သည် ။ သူ့ပခုံးမှ ခုနက ကနောင်မင်းသားဟု ဆိုသော လူကြီး ဆုပ်ကိုင်ခဲ့ရာမှ ထင်ကျန်ခဲ့သော သွေးစ သွေးနများ သည် အငွေ့ပြန်ကာ တငွေ့ငွေ့ပျောက်ကွယ်သွားနေပြီ ဖြစ်သည် ကို သူမသိ။ သူ့အနောက်ဘက် ကတ္တာ

ရာလမ်းပေါ်မှ ခြေရာများ သည် လည်း တဖြည်းဖြည်း တဖြည်းဖြည်း မှိန်ကာ ပျောက်ကွယ် သွားခဲ့ပြီဖြစ်သည် ကို သူ မသိဘဲ စက်ဘီးကိုသာ အမြန်ဆုံးဖိနင်းကာ ပြေးထွက်ခဲ့လိုက်တော့သည်။

*****

# ၂၀၀၅ - ၂၀၀၆

## (၁)

သူသည် စပိန်အမျိုးသားနေ့ တစ်နေ့တွင် မွေးဖွားခဲ့သော မြန်မာ အမျိုးသားတစ်ဦးဖြစ်ကာ ၂၀၀၅ ခုနှစ်ဝန်းကျင်တွင် သူ့အသက်သည် ၁၅၊ ၁၆ ဝန်းကျင် ဖြစ်သည် ။ သူ စက်ဘီးနင်းရင်း ကျောင်းသို့ လာခဲ့သည် ။ သူ့ဘေးမှ စစ်စိမ်းရောင် ကျောင်းကားများက ဖြတ်သွားကြပြီး ကားထဲတွင် အဖြူအစိမ်းဝတ် ကျောင်းသား ကြီးငယ်များ ပြွတ်သိပ်၍ ပါသွားကြသည် ။

သူနေထိုင်သော မြို့သည် တောင်ပေါ်မြို့တစ်မြို့ မဟုတ်သော်လည်း သူ့အတွက်တော့ နှစ်ထပ်မြို့လေး တစ်မြို့အဖြစ် မြင်ထားသည် ။ မူလမြို့ကြီး၏ အထဲတွင် လေးထောင့်စပ်စပ် စတုရန်းမြို့ကလေးတစ်မြို့ကို မျိုထားသေးသည် ။ ထိုအမျိုခံထားရသော မြို့ကလေးမှာ နီစွေးနေသည့် အုတ်မြို့ရိုးတွေ ကာရံထားသည့် စတုရန်းသဏ္ဍာန် နန်းတွင်းကို ဆိုလိုခြင်းပဲ ဖြစ်ပါ တော့သည် ။

သူ နေထိုင်ရာနေရာသည် နန်းတွင်းထဲတွင် ဖြစ်သည် ။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်မှ နန်းတွင်းမြေ စစ်စစ်ကြီးထဲတွင် ဖြစ်သည် ။ မင်းတုန်းမင်း၊ သီပေါမင်းတို့ နန်းတည်ခဲ့ရာ နန်းတွင်းမြေ စစ်စစ်ကြီး ဖြ

စ်သည် ။ ဗြိတိသျှကိုလိုနီတွေ နန်းတော်ထဲအထိ ကြွချီကာ အရှင်နှစ်ပါး ကို ပါတော်မူဖို့ အကြို ထောက်ခဲ့ရာ နန်းတွင်းမြေ စစ်စစ်ကြီးဖြစ်သည် ။ ကျုံးရေ ပတ်လည်ဝိုင်းနေသော အုတ်တံတိုင်း နီစွေးစွေး ကြားမှ မြေစစ် စစ်ဖြစ်သည် ။ ရှေးမြန်မာတို့ ၏ မျက်ရည်များ စိမ့်စိုခဲ့ရာ မြေစစ်စစ်ဖြစ် သည် ။

ထိုနန်းတွင်းကြီးထဲတွင် ယခုအခါမှာ တော့ ခေတ်မီတပ်မတော်၏ စ စ်တပ်များ ရုံးစိုက်ရာ၊ ဝန်ထမ်းများ နေထိုင်ရာ မြို့ငယ်လေးလို ဖြစ်နေ သည် ။ ထိုနန်းတွင်းထဲတွင် စျေးရှိသည် ၊ ကျောင်းရှိသည် ၊ ဆေးရုံဆေး ခန်းရှိသည် ၊ ကစားကွင်းနှင့် ပန်းခြံရှိသည် ၊ ရေကူးကန်ရှိသည် ၊ ရုပ်ရှင် ရုံရှိသည် ။ မြို့အင်္ဂါ ရပ်ဆိုသည့် အထဲတွင် မည်သည့် အချက်အလက်များ ပါဝင်နေသည် ကို သူ အတိအကျ မသိသော်လည်း သူနေထိုင်ရာ နေရာလေးက မြို့ငယ်လေး တစ်မြို့နှင့် တူနေသည် ဟု တော့ သူ အခိုင်အမာ ပြောနိုင်သည် ။

ကစားကွင်းနှင့် ပန်းခြံရှိသည် ဆိုသော်လည်း ရဟတ်များ ၊ ရေလျှော လျှောများ ၊ တိုက်ကားများ နှင့် တော့ မဟုတ်ပါ။ ယခင်ကသာ အပျော် စီး ရထားများ ၊ ချားရဟတ်များ ၊ ရေတံခွန်အတုများ ၊ ပင့်ကူအိမ်များ ဖြ င့် စည်ကားခဲ့သော်လည်း သူအရွယ်ရောက်သည့် အချိန်တွင် ထိုအရာများ ပျက်စီးသွားခဲ့ပြီ ဖြစ်သည် ။ ပန်းခြံဥယျာဉ်မှာ နှစ်ခုတောင် ရှိသည် ။ နန်းတော်ကြီး၏ ဘယ်နှင့် ညာတွင် ဖြစ်သည် ။ ညာဘက်ရှိ ဥ ယျာဉ် အမည်မှာ မြိုင်ဟေဝန်ဖြစ်ပြီး ဘယ်ဘက်ရှိ ဥယျာဉ်မှာ နန္ဒဝန်ဖြ စ်သည် ။ ရှေးက မင်းတုန်းမင်းကြီး ရေချိုး သည် ဟု ယူဆရသော ဘုတ် တလုပ်ကန်မှာ မြိုင်ဟေဝန် ဥယျာဉ်ထဲတွင် ရှိ သည် ။ ယခင်က နန်းတွ င်းအပြင်မှ လိုင်းကား(ဘတ်စ်ကား)များ သည် နန်းတွင်းထဲမှ ဖြတ်သွားဖြတ်လာ လုပ်ခွင့်ရပြီး ဘုရာဖူးများ ၊ အပန်းဖြေသူများ သည်

နန်းတော်ကြီးနှင့် နန်းတော်ကြီး၏ ဘေးနှစ်ဖက်မှ ဥယျာဉ်တွေထဲ ဆော့ကစားကြ၊ ပျော်ရွှင်ကြ၊ အနားယူခဲ့ကြသည် ။ ဥယျာဉ်များ ၏ ရှေ့တွင်လည်း မုန့်ဆိုင်၊ အအေးဆိုင်၊ ထမင်းဆိုင်များ နှင့် ပြည့်နှက်ခဲ့သည် ။ ပြီးလျှင် မြို့ပတ်ရထားလည်း ရှိခဲ့ပြီး ကျုံးတောင်ဘက် အခြမ်းတွင် ရေပေါ်ဥယျာဉ်ဆို သည် လည်း ရှိခဲ့သေးသည် ။ သို့သော် သူ့အသက်ခြောက်နှစ်၊ ခုနစ်နှစ် အရွယ်ကတည်းက ထိုအရာများ သည် ဆိတ်သုဉ်းခဲ့ပြီ ဖြစ်သည် ။ ပျော်ရွှင် စည်ကားခဲ့သော နန်းတွင်းကြီးသည် ခြောက်သွေ့သွားသည် ။

ရုပ်ရှင်ရုံ ဆိုသည် မှာ လည်း ဟောင်းနွမ်းကာ အသက်မဲ့သွားပြီ ဖြစ်သည် ။ ယခင် စည်ကားစဉ်ကလည်း သူ သူ့မိသားစုနှင့် အတူ တစ်ခါကြည့်ဖူး ပါသည် ။ ထိုအခါတုန်းက ရုပ်ရှင်ရုံမှာ ပြသနေသော ရုပ်ရှင်ကားမှာ စာရေး ဆရာမဂျူး၏ "မြစ်တို့ ၏ မာယာ"ဆိုသည့် ဝတ္ထုကို ရိုက်ထားသည့် ရုပ်ရှင်ကား ဖြစ်သည် ကိုတော့ သူ မှတ်မိသည် ။ ထို့ထက်ပို၍ သူ ရုပ်ရှင်ရုံကြီးနှင့် အဆက်အစပ် မရှိဖူးခဲ့။

သူ ကျောင်းပေါက်ဝမှာ စက်ဘီးကိုရပ်ကာ ကျောင်းထဲ တွန်းဝင်ခဲ့သည် ။ သူ ကျောင်းရောက်တာ အတော်စောနေသည် ။ ကျောင်းထဲမှာ လူသူနည်းနေသည် ။ သူ နံနက်ပိုင်း ကျူရှင်ရှိသည် ကို မတက်ဘဲ ကျောင်းသို့ ရောက်လာခဲ့ခြင်း ဖြစ်သည် ။ Chemistry အချိန်ကို သူပျင်းသည် ။ သူ စက်ဘီးကို စက်ဘီးစတင်းန်မှာ သွားထားကာ ကျောင်းအလယ်မှ စိန်ပန်းပင် အောက်ရှိ ကျောက်ခုံတန်း အဝိုင်းပေါ်မှာ သွားထိုင်သည် ။ ထိုစိန်ပန်းပင်ကြီးသည် ကျောင်း၏ သင်္ကေတ တစ်ခုပင် ဖြစ်သည် ။ ‘သည်အချိန် ကျောင်းတော် ကြီးရဲ့ အလယ်မှာ စိန်ပန်းတွေလည်း ပွင့်နေပြီကွာ’ ဟူသည့် ဆောင်းဦးလှိုင်၏ သီချင်းကြားတိုင်း ထိုစိန်ပန်းပင်ကြီးကို သူ့အာရုံမှ အမြန်ဆုံး မြင်ယောင်ဖြစ် သည် ။

သူတို့ ကျောင်းသည် နန်းတွင်း အနောက်ဘက် တံခါးပေါက်နားတွင် ရှိသော အ.ထ.က ၁၈ ကျောင်း ဖြစ်သည် ။ နန်းတွင်းထဲတွင် ကျောင်း သုံး ကျောင်းရှိပြီး မူလတန်းကျောင်း တစ်ကျောင်း၊ မူလတန်းလွန် ကျောင်းနှင့် သူငယ်စဉ်ကတည်းက တက်နေသော အ.ထ.က ၁၈ အထက်တန်းကျောင်း ဖြစ်သည် ။

စိန်ပန်းပင်ခုံဝိုင်းတွင် ထိုင်ရင်း ဟိုဟိုသည် သည် ကြည့်နေမိသည် ။ ရေခဲချောင်းသည် ကြီး ကျောင်းထဲကို စက်ဘီးတွန်း ဝင်လာသည် ။ ရေခဲချောင်းသည် ကို မြင်လျှင် သူ ကျောင်း၏ ဆောင်းရက်တချို့ကို သတိရသည် ။ ကျောင်းထဲတွင် ဆောင်းရာသီဆိုလျှင် အေးလှသဖြင့် ရေခဲချောင်း သိပ်မစားကြ။ ထိုအခါ ရေခဲချောင်းသည် ကြီးက ရေခဲချောင်းတွင် ကံစမ်းမဲတွေ ထည့်သွင်းကာ မာကက်တင်းပလန်ကို ဆန်းသစ် ရတော့သည် ။ ရေခဲချောင်းအထဲမှ တုတ်ချောင်းတွင် ပိုက်ဆံကို ပလတ်စတစ် အိတ်နှင့် ထုပ်ကာ ချည်ထားသည် ။ အပေါ်က ရေခဲချောင်းတွေကို စားကြည့်မှ အထဲက တုတ်ချောင်းမှာ ကံစမ်းမဲ ပိုက်ဆံပါမပါ သိနိုင်မည်ဖြစ်သည် ။ သို့သော် သူတို့ သည် ဆောင်းရာသီ အေးကလည်း အေး၊ ရေခဲချောင်းလည်း မစားချင်၊ သို့သော် ကံစမ်းမဲ ပေါက် မပေါက်လည်း သိချင်၍ ရေခဲချောင်းတွေကို ဝယ်ကာ မစားကြဘဲ တစ်ကိုက် ကိုက်ပြီး ထွေးထုတ်ပစ်ကြသည် ။ အထဲက ကံစမ်းမဲ ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ သူတို့ ရေခဲချောင်းကို ကုန်အောင် မစားကြတော့။ ထိုသို့ ရေခဲချောင်း ကံစမ်းမဲပေးသော ဆောင်းရက်များ တွင် ကျောင်းဝန်းထဲ၌ မစားဘဲ လွှင့်ပစ် ထားသော၊ ထွေးထုတ်ထားသော ရေခဲချောင်းများ နှင်းတွေလို ဖွေးဖွေးလှုပ် ရှိနေတတ်သည် ။ သူ ထိုအချိန်များကို တွေးမိကာ ပြုံးဖြစ်သည် ။

သူ အညောင်းဆန့်ရင်း  သူကျောနောက်ဘက်မှ အဖြူရောင် နှစ်ထပ်

ဆောင်ကြီးကို မြင်မိသည် ။ မြင်ရသည် က ဘာမှ မဆန်း။ သို့သော် ထို ကျောင်းဆောင်နှင့် ပတ်သက်၍ လည်း သူ့မှာ မှတ်မိစရာ အတိုအထွာ လေးတွေ ရှိသေးသည် ။

၁၉၉၉ ခုနှစ်တုန်းက သူသည် စတုတ္ထတန်း ကျောင်းသားဖြစ်သည် ။ ထိုစဉ်တုန်းက သူတို့ ကျောင်းတော်ကြီး၏ အလယ်တွင် ခေတ်မီအဆော က် အအုံကြီးများ တည်ဆောက်ရန် မြေကြီးများကို တူးဖော်ခဲ့ကြသည် ။ ထိုမြေကြီးများကို အကြီးအကျယ် တူးဖော်သောအခါ မြေအောက်ထဲမှ ရှေးဟောင်း ပစ္စည်းဟု ယူဆဖွယ်ရှိသည် များ ထွက်ပေါ်လာသည် ။ သူ တို့ အနားသို့ သွားကြည့်သောအခါ ပန်းရန် လုပ်နေသူများ ၊ မြေကြီးတူး ဖော်နေသော အလုပ် ကြမ်းသမားများက သူတို့ ကို မောင်းထုတ်သည် ။ သူတို့ အဝေးမှ လှမ်းကြည့်ရသည် ။ သူလှမ်းကြည့်၍ မြင်ရသည် က တော့ ဓားလက်ကိုင် အရိုးတွေနှင့် တခြား သံထည်ပစ္စည်းတွေ ဖြစ်သည် ။ ထိုအခါ သူစိတ်ကူးယဉ်သည် ။ ထိုကျောင်းတော်ကြီး၏ အောက်တွင် ကုန်းဘောင်ခေတ်က တိုင်းသူပြည်သားတွေ၏ ရတနာပစ္စည်းတွေ ရှိနိုင် သည် ဟူသည့် အတွေးမျိုးတွေ ဖြစ်သည် ။ တကယ်တော့ ထိုအတွေးမျိုး သည် ထိုအချိန်မှ မဟုတ်။ အိမ်မှာ အိမ်သာ ကျင်းတူးကြသည့် အခါမှာ လည်း သူ ထိုသို့ မကြာခဏ စိတ်ကူးယဉ်ခဲ့သည် ပဲ။

မြေကြီးကို ပေါက်ပြားနှင့် ပေါက်ပြီး ဒုတ်ခနဲ အသံနှင့် အတူ လိုဏ် သံပါသော ခပ်မာမာ အရာဝတ္ထုတစ်ခုကို ထိခိုက်မိရင်ပင် သူ့စိတ်တွေ ဟု န်းခနဲ လှုပ်ရှား သွားတတ်သည် ။ ပျက်စီးခဲ့ပြီဖြစ်သော နန်းတော်ကြီး၏ မြေနေရာဟောင်းတွင် နေထိုင်ပြီး မြေအောက်ထဲမှာ ရွှေအိုးတွေ၊ နန်းစဉ် ရတနာတွေ အမြောက်အမြား မဟုတ်ရင်တောင်မှ တစ်ခုတလေ တွေ့လေမလား ဟူသော စိတ်ကူးယဉ်မှုမျိုး ရှိနေသည် မှ သူ့အလွန်တော့မဟုတ်ဟု သူ ထင်သည် ။ သို့သော် သူတစ်ခါမှ ၊ တစ်ခုမှ

မတွေ့ခဲ့ရ။ အနီးစပ်ဆုံးဆို၍ ရှေးခေတ်က အုတ်နီခဲပြား ဟု ထင်ရသော အခုခေတ် အုတ်နီခဲတွေထက် အပြားကြီးသည့် အုတ်နီခဲတွေကိုသာ တူးဖော်ရရှိဖူးပါသည် ။

ထိုသို့ တည်ဆောက်ခဲ့လေသည့် မာတီမီဒီယာ ခန်း (Multimedia Room) ဟု ခေါ်သော သင်ကြားရေး အထောက်အကူပြု အဆောက်အအုံကြီး ပြီးသောအခါ ဆရာဆရာမများက သူတို့ အတန်းမှ ကျောင်းသား ကျောင်းသူ တချို့ကို ရွေး၍ ထိုသင်ထောက်ကူ အဆောက်အအုံကြီး ဆီသို့ ပို့လွှတ်ရသည် ။ တချို့ ကျောင်းသားများ သည် ကွန်ပျူတာခန်းများ သို့ သွားရပြီး၊ တချို့က ဂီတခန်း ၊ တချို့က စာကြည့်တိုက်ခန်း၊ တချို့က ပရိဂျက်တာဖြင့် ပရက်စန်တေးရှင်း လုပ်ရသည့် အခန်းစသဖြင့် အခန်းများ သို့ သွားရသည် ။ ထိုသို့ ပို့လွှတ်ရသော အဓိက ရည်ရွယ်ချက်မှာ မကြာခင် ဖွင့်လှစ်မည့် ထိုအဆောက်အအုံ၏ ဖွင့်ပွဲအတွက် ဖြစ်သည် ။ ထိုအဆောက်အအုံကြီးကို နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့် ကိုယ်တိုင် စက်ခလုတ်နှိပ်၍ လာ ဖွင့်လှစ်မည် ဆိုသောကြောင့် ဖြစ်သည် ။ ဆရာဆရာမတွေ ပါးစပ်ဖျားထဲတွင် လည်း ‘S1 ကိုယ်တိုင် လာမှာ နင်တို့ သေချာလုပ်ကြနော်’ဟု မကြာခဏ ပြောနေကြသည် ။ သူကတော့ ကွန်ပျူတာခန်း သွားရတာကို ပျော်သည် ။ အဘယ်ကြောင့် ဆိုသော် စာသင်ခန်းထဲတွင် စာမသင်ရသောကြောင့် ဖြစ်သည် ။ ကွန်ပျူတာ အခန်းသည် အမြဲတစေ အားလပ်ချိန်များ နေပြီး ကမြင်းကြော ထရသောကြောင့် ဖြစ်သည် ။ ထိုကွန်ပျူတာ အခန်းတွင် သူတို့ ထက် တစ်တန်းနှစ်တန်းကြီးသော ကျောင်းသား ကျောင်းသူများ လည်း ပါလာသည် ။

ထိုကျောင်းသားများ ထဲမှ ပုံပြင်ပြောကောင်းသော သူငယ်ချင်းတစ်ယောက် သူရခဲ့သည် ။ ထိုသူငယ်ချင်းတွင် ပုံပြင်တွေ မနည်းမနောရှိသ

ည် ။ သူအနားတွင် ကျောင်းသားများ ဝိုင်းနေကြသည် ။ သူ့ပုံပြင်များ သည် အများအားဖြင့် အသစ်တွေ ဖြစ်နေတတ်သည် ။ စာအုပ်ထဲတွင် ဖတ်ထားသော ပုံပြင်များ အပြင် သူ့ကို တစ်ယောက်ယောက်က ပြောပြထားသော ပုံပြင်များ ၊ နောက် သူ့ဘာသာ လျှောက်ပြောရင်း အချိတ်အဆက်မိသွား သော ပုံပြင်များ စသဖြင့် စုံလင်လှသည် ။ ညစ်ညမ်းသော ပုံပြင်များ လည်း ပါသေးသည် ။ သို့သော် ပုံပြင်များကို ပြောသောအခါတွင်လည်း သူပြော သည့် ပုံမှာ ညစ်ညမ်းမနေဘဲ တခြား ဘာစိတ်မှ မရှိဘဲ ပုံပြင်ကို ပုံပြင်လို စိတ်ရှင်းရှင်း ပြောပြနေနိုင်ခြင်းပဲ ဖြစ်သည် ။ ဘာပဲဖြစ်ဖြစ် ထိုသူငယ်ချင်း၏ ပုံပြင် ပြောစွမ်းရည်ကို သူ လေးမောအားကျသွားသည် ။ ထို့ကြောင့် ကစား၍ လည်း ရ၊ ပုံပြင်တွေလည်း အများကြီး နားထောင်ရသော ထိုကွန်ပျူတာအခန်းကို သူ သဘောကျသည် ။

ကွန်ပျူတာ ဆို၍ လည်း အဆင့်မြင့်သင်ရိုးများ မဟုတ်။ ထိုခေတ်ထိုအခါကတော့ သူ့ခေတ်နှင့် သူ ခေတ်မီလိမ့်မည် ထင်သည် ။ ‘မိုင်နိမ်းအစ် ဂျင်းဂျား၊ မိုင်နိမ်းအစ် ဂျင်းဂျား’ စသဖြင့် သီချင်းဆိုတတ်သော ကာတွန်းကျား နှင့် ကြောင်ပါသော Apple ကွန်ပျူတာများ ဖြစ်သည် ။ ထိုအထဲမှ ဂိမ်းများကို သင်ရသည် ။ ကစားရသည် ။ ပျော်ပျော်လွယ်လွယ်ပဲ ဖြစ်သည် ။ သို့သော် ခက်သည် က ခက်သည် ။ ‘S1’ လာရန် နီးကပ်လာသောအခါ ကျောင်းသားများကို ဝတ်စုံချုပ်ပေးရန် ဖြစ်သည် ။ ပထမက နက်ခ်တိုင်တွေဘာတွေနှင့် ဘိုဆန်ဆန်ချုပ်ရန် ပြင်ဆင်ကြသည် ။ ပြင်ဆင်နေကြတုန်းမှာ ပဲ တိုက်ပုံနှင့် ပုဆိုး၊ မိန်းကလေးတွေ ဆိုလျှင် လုံချည်နှင့် ရင်ဖုံးအင်္ကျီအဖြစ် ပြောင်းလဲ သတ်မှတ်ပြန်သည် ။ ကျောင်းသားကျောင်းသူများ ၏ မိဘများ သည် ဝတ်စုံဖိုး နှစ်ခါကုန်၍ ဆရာဆရာမများ ရှေ့တွင် ဟန်ဆောင် ထားကြသော်လည်း ကွယ်ရာတွ

င် ညည်းညူ ကြသည် ။ တိုက်ပုံနှင့် ပုဆိုးကို ဈေးချိုသို့ သွားဝယ်ရန် ပြင်သောအခါ ကျောင်းသူများ ထဲမှ အိမ်တွင် ကားရှိသော ပိုက်ဆံရှိ ကျောင်းသူတစ်ဦး၏ မိဘက အကူအညီပေးသည် ။ တိုက်ပုံနှင့် ပုဆိုးကို ဈေးချို မြဂုဏ်ရောင်ဆိုင်မှ ဝယ်ခဲ့ကြသည် ။

အဝတ်အစားကိစ္စပြီးသောအခါ သူတို့ နောက်ထပ် အာရုံနောက်စရာကိစ္စနှင့် ကြုံရပြန်သည် ။ ထိုအရာမှာ နှုတ်ဆက် စကားပြောရန် စကားလုံး ဖြစ်သည် ။ သူတို့ ကွန်ပျူတာအခန်းသို့ ဦးခင်ညွန့် ဝင်လာလျှင် ထ၍ နှုတ်ဆက်ရန် စကားလုံး ဖြစ်သည် ။ ပထမက 'မင်္ဂလာပါ ဘဘဗိုလ်ချုပ်ကြီး ရှင့်/ခင်ဗျ... ' ဟု နှုတ်ဆက်ရန် သင်ပေးထားသည် ။ နောက်... မဟုတ်တော့ပြန်။ 'ဗိုလ်ချုပ်ကြီး' ဆိုသည့် စကားလုံး ပြုတ်သွားပြီး 'မင်္ဂလာပါ ဘဘကြီးရှင့်/ခင်ဗျ' ဟု ဆိုပြန်သည် ။ နောက်တော့ ပထမနှုတ်ဆက်သည့် စကားလုံးကို ပြန်ပြောင်းသွားပြန်သည် ။ 'မင်္ဂလာပါ ဘဘဗိုလ်ချုပ်ကြီးရှင့်/ ခင်ဗျ' ဖြစ်သွားပြန်သည် ။

ထိုကွန်ပျူတာခန်းသို့သွားရသည့် နံနက်ခင်းတစ်ခုတွင် အတန်းကြီးကျောင်းသားတစ်ယောက်က သူ့ကို အတန်းကြီးကျောင်းသူ မမလှလှတစ်ယောက်ကို စံပယ်ပန်းပေးခိုင်းသည် ။ သူသည် ထိုအတန်းကြီးကျောင်းသား အကူအညီ တောင်းသည့် အတိုင်း စံပယ်ပန်းကို ထိုမမလှလှထံ သွားပေးသည် ။ ထိုမမလှလှက 'ဘယ်သူကပေးခိုင်းတာလဲ' ဟု ပြန်မေးသည် ။ ကျောင်းသားအစ်ကိုကြီး တစ်ယောက်ဟု သူ ဖြေလိုက်သည် ။ ထိုကျောင်းသားအစ်ကိုကြီး၏ ပုံစံကိုလည်း သေချာ ပြောပြလိုက်သည် ။ အစ်မကြီးက ပြုံးသွားပြီး စံပယ်ပန်းများကို ခေါင်းတွင် ရစ်၍ ပန်လိုက်သည် ။ ထိုအခိုက်တွင် သူသည် လည်း မြန်မြန် အတန်းကြီးကျောင်းသား ဖြစ်ချင်လာသည် ။ သူလည်း အတန်းကြီးလာပါက ထိုသို့ပင် အတန်းငယ် ကလေးလေးမှ တစ်ဆင့် သူ ကြိုက်သော ကောင်မလေး

ကို ပန်းပေးရမည်ဟု စိတ်ကူးယဉ်နေတော့သည် ။

S1 မှာ လာမည်ဟု ဆိုလိုက်၊ မလာဘူးဖြစ်ပြန်လိုက်နှင့် သူတို့ မှာ စာ မသင်ရဘဲ ကွန်ပျူတာခန်း တွင် ပင် စာသင်နှစ်၏ သုံးပုံတစ်ပုံခန့် အချိန် ကုန် လာသည် ။ နောက်ဆုံးမှာ တော့ အားလုံး မျှော်လားမမျှော်လား သိ ပ်မသေချာ သည့် S1 ကြီး ကျောင်းသို့ ကြွလာသည် ။

ကျောင်းထဲဝင်သည် နှင့် ပန်းပွားများ နှင့် ဘင်ခရာအဖွဲ့က တီးမှုတ် ကခုန်၍ ကြိုဆိုကြသည် ။ တကယ်တော့ ကျောင်းတွင် ဘင်ခရာအဖွဲ့မရှိ ပေ။ တခြားကျောင်းမှ ငှားထားသည် ဟု ကြားသည် ။ ‘ Multimedia Ro om’ ဟု ခေါ်သော ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လိုက်သည် ။ T.V ကို ရီမုနှင့် ချိန်၍ နှိပ်လိုက်သလိုပင် ကျောက်ပြားကို ခလုတ်နှင့် ချိန် ၍ နှိပ်လိုက်သည် ။ ထိုအခါ ကျောက်ပြားကြီးကို ဖုံးအုပ်ထားသော ကတ္တီ ပါစကြီး သည် အပေါ်သို့ တဖြည်းဖြည်း မြောက်တက်ကာ ကျောက်စာ ပေါ်မှ စာများ ပေါ်လာသည် ။ အားလုံး လက်ခုပ်တီးကြသည် ။

သူတို့ သည် သူတို့ အခန်းသို့ ထို ဘဘဗိုလ်ချုပ်ကြီး လာတော့မည် ဟူသော အသိနှင့် စိတ်လှုပ်ရှားလျက် ရှိသည် ။ နှစ်ထပ်ဆောင်ဖြစ်သော ခေတ်မီ သင်ထောက်ကူ အဆောင်များ ရှိ အခန်းတိုင်းကို ထို ဘဘဗိုလ် ချုပ် ကြီးက လှည့်လည်ဝင်ရောက်သည် ။ မကြာမီပင် ဆရာမတစ်ယော က်က တံခါးကို အသာလေး လှပ်ဖွင့်ကာ သူတို့ ၏ ကွန်ပျူတာဆရာမကို သတင်း လာပေးသည် ။

"ညို့ရေ လာတော့မယ်နော်။ ကျောင်းသားတွေကို အသင့်ပြင်ခိုင်း ထား"

"ဟုတ်လား..."

သူတို့ ကွန်ပျူတာဆရာမ ပိုမို စိတ်လှုပ်ရှားသွားသည် ။ သူတို့ ကို အ

ဝတ်အစားတွေ ပိုပြီး သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြင်ဝတ်ထားရန်လည်း သတိပေးသည် ။ ဆရာမသတိပေးမှ သူတို့ လည်း စိတ်လှုပ်ရှားပြီး ပုဆိုးများ ကျွတ်ချင်သလိုလို၊ ရှူးပေါက်ချင်သလိုလို၊ စိတ်က ယားကျိကျိ ဖြစ်လာသည် ။ သူတို့ သည် ထိုအချိန်က စတုတ္ထတန်းပဲ ရှိသေး၍ ပုဆိုး မဝတ်တတ်သေးချေ။ သူတို့ ပိုစိတ်ချရအောင် ပုဆိုးများကို ခပ်တင်းတင်း ပြန်ပြင် ဝတ်လိုက်ကြသည် ။

မကြာပါ။ ဘဘဗိုလ်ချုပ်ကြီး အခန်းသို့ ဝင်လာသည် ။ ဘဘ ဗိုလ်ချုပ်ကြီးနှင့် အတူ တိုင်းမှူးနှင့် တခြား အရာရှိများ ပါလာသည် ။ သူတို့ ကျောင်းအုပ်ဗိုလ်ကြီးလည်း ပါလာသည် ။ သူတို့ ကျောင်းသည် စစ်တပ်ကျောင်း ဖြစ်သဖြင့် ကျောင်းအုပ်သည် လည်း စစ်ဗိုလ်တစ်ယောက် ဖြစ်နေတတ်သည် ။ S1 ဦးခင်ညွန့်သည် ယုံကြည်မှုရှိသော အပြုံးတစ်မျိုးဖြင့် ပြုံး၍ အခန်းထဲ ဝင်လာသည် ။

သူတို့ စိတ်လှုပ်ရှားစွာ နှုတ်ဆက်လိုက်ကြသည် ။ အမှားလုပ်မိမှာ ကြောက်သောစိတ်ဖြင့် သူတို့ တဒိန်းဒိန်း ရင်ခုန်နေကြသည် ။

"မင်္ဂလာပါ ဘဘဗိုလ်ချုပ်ကြီး ခင်ဗျာ့/ ရှင့်"

S1 က ထိုင်ခိုင်းတော့ "ကျေးဇူးတင်ပါတယ် ဘဘဗိုလ်ချုပ်ကြီး ခင်ဗျာ့" ဟု ပြန်ပြောရပြန်သည် ။

ထို ဘဘဗိုလ်ချုပ်ကြီးသည် သူ့ကော်ထိုင်ခုံနောက်မှီကို ကိုင်ကာ မတ်တတ်ရပ်၍ ၊ ရှေ့မှ ကွန်ပျူတာ ထွက်၍ ကိုင်ပြသော ကျောင်းသူလေးကို ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည် ။ သူ့ခေါင်းမှ ဆံပင် တချို့သည် ထိုဦးခင်ညွန့်၏ လက်နှင့် ထိနေသည် ကို သူခံစားမိသည် ။ သူစိတ်လှုပ်ရှားရင်း ၊ အာရုံလွင့်ပျံ့ရင်း အရှေ့မှ ကွန်ပျူတာ ကိုင်ပြနေ

သော ကျောင်းသူကိုပဲ ကြည့်နေလိုက်သည် ။ ထိုကျောင်းသူသည် အတန်းထဲမှ ယောကျ်ားလျာပုံစံ ပေါက်နေသော မိန်းကလေးတစ်ယောက် ဖြစ်သည် ။ ယောကျ်ားလျာ ဖြစ်နေ၍ ဘဘဗိုလ်ချုပ်ကြီး စိတ်ထဲ တစ်ခုခုဖြစ်နေမလား မသိဟု သူနည်းနည်း တွေးဖြစ်သေးသည် ။ ထိုဘဘဗိုလ်ချုပ်ကြီးကို မသိမသာ မျက်လုံးပင့်၍ သူ တစ်ချက်ကြည့် လိုက်သေးသည် ။ နှုတ်ခမ်းညိုညိုကြီးနှင့် ဘဘဗိုလ်ချုပ်ကြီး ဆိုသူကို သူ တွေ့လိုက်ရသည် ။ အင်း... ဆေးလိပ် တော်တော်သောက်တယ် ထင်တယ်။

ဘဘဗိုလ်ချုပ်ကြီး ထွက်သွားမှ သူတို့ တစ်ခန်းလုံး နှာခေါင်းပိတ်နေသည် မှ ပြန်ပွင့်သွားသည့် လူလို အသက်ရှူ ဝသွားသည် ။ အားလုံး ပေါ့ပေါ့ပါးပါး ပြန်ဖြစ်သွားသည် ။ စိတ်လက်ပေါ့ပါးမှု၏ အရသာကိုလည်း သတိထားမိသွားကြသလိုပင်။ ထိုနေ့ည ၈ နာရီသတင်းထဲတွင် သူတို့ ကျောင်းသို့ ဘဘဗိုလ်ချုပ်ကြီး လာသွားသည့် အကြောင်း ပါလာသည် ။ နောက်တစ်ရက် မနက်ရောက်သောအခါ ဆရာ၊ ဆရာမတွေ ကြားထဲတွင် မကျေနပ်သံများ ထွက်လာသည် ။ သူတို့ အခန်းကို T.V မှာ ပါလိုက်တယ်၊ ငါတို့ အခန်းကျတော့ T.V ထဲ မပါလိုက်ဘူး၊ ငါတို့ အခန်းကျတော့ ခဏလေးပဲ ပါလိုက်တယ် စသဖြင့် T.V သတင်းထဲမှာ ကိုယ့်ပုံပါမပါ၊ ကိုယ့်အခန်းပါမပါ ပြောဆိုကာ စိတ်ထဲထားနေခဲ့ကြသေးသည် ။ T.Vထဲ ကိုယ့်ပုံပါမှ အာဂမျက်ခွက် လူဖြစ်ရကျိုးနပ်အံ့ ဟု ဂုဏ်ယူဖွယ်ရာအဖြစ်လိုက်ကြဟန်တူသည် ။ သူလည်း အိမ်ကအမေတွေ စောင့်ကြည့်နေတာနှင့် ရော၍ T.V သတင်းတွင် စောင့်ကြည့်ခဲ့ပါသေးသည် ။ သူတို့ ကွန်ပျူတာအခန်း သတင်းထဲမှာ မပါခဲ့။ သူမှတ်မိသလောက် ဂီတခန်းထဲမှ စည်းနှင့် ဝါး ခေါက်နေသော ကျောင်းသားတစ်ယောက် ဖြစ်သည့် သူရအောင်ကိုသာ စက္ကန့်ပိုင်းလောက် မြင်လိုက်မိခြင်း ဖြစ်သည် ။

ပြီးတော့လည်း ထိုခေတ်မီသင်ကြားရေး ထောက်ပံ့ဆောင်သည်

စာကြည့်တိုက် ကဲ့သို့ပင် ချိပ်ပိတ်၍ ရံဖန်ရံခါ လူကြီးလာမည် ဆိုမှ သာ လည်းကောင်း၊ တစ်ခါတလေ ဘာကြောင့် မှန်း မသိသော အကြောင်း တချို့ ရှိမှ သာ လည်းကောင်း ဖွင့်လှစ်တော့သည် ။

***

(၂)

သူ အုတ်ခုံတွင် အကြောင်းမဲ့ ထိုင်နေဖြစ်တာ အတော်ကြာ သွားသည် ။ သို့သော် အုတ်ခုံတွင် ထိုင်ဖို့ သူ့တွင် အခြေခံအကြောင်းအရင်း လုံလုံလောက်လောက် ရှာဖွေနေစရာမလိုဟု ထင်သည် ။ ထိုင်နေရင်း စိန်ပန်းရွက် ရိုးတံမျှင်လေးတစ်မျှင် သူ့ပခုံးပေါ် ကျလာသည် ။ သူ လက်နှင့် ဆွဲယူကာ လေဖြင့် မှုတ်လိုက်သည် ။ စိန်ပန်းရွက်ရိုးလေး လေထဲလွင့်သွားတာကို လိုက်ကြည့်နေမိသည် ။ ကျောင်းဝန်းထဲသို့ အချဉ်ပေါင်းသည် ၏ တွန်းလှည်းကြီး တွန်းဝင်လာကာ သူ့ရှေ့မှ ဖြတ်သန်းလာသည် ။ ဖြတ်သန်း လာရင်း သူ့ရှေ့နားရောက်သောအခါ တွန်းလှည်းပေါ်မှ ငရုတ်သီးစိမ်းတွေ ထုပ်ထားသော ကြွပ်ကြွပ်အိတ်ထုပ်က ရုတ်တရက် ပြုတ်ကျလာသည် ။ အချဉ်ပေါင်းသည် က တွန်းလှည်းကိုရပ်ကာ ငရုတ်သီးစိမ်းထုပ်ကို ပြန်ကောက်ကာ တွန်းလှည်းပေါ် ပစ်တင်၍ ဆက်တွန်းသွားသည် ။ အချဉ်ပေါင်းသည် က ထိုငရုတ်သီးစိမ်းများကို မုန်လာချဉ်သုပ်သည့် နေရာတွင် ထည့် သွင်းအသုံးပြုဖို့ ဖြစ်နိုင်သည် ။ ငရုတ်သီးစိမ်း၊ ငရုတ်သီးစိမ်း။ ငရုတ်သီးစိမ်း ဆို၍ သူ စာသင်နှစ်တစ်နှစ်က အဖြစ်အပျက် တစ်ခုကို ဖျတ်ခနဲ သတိရဖြစ်သည် ။ ဖျတ်ခနဲ သတိရမိသော်လ

ည်း သူ ထိုင်၍ တစိမ့်စိမ့် တွေးဖြစ်သွားပြန်သည် ။

ထိုစာသင်နှစ်တုန်းက စာသင်ချိန်တစ်ချိန်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်မှာ သူ့အတွက် တော်တော် ခံစား၍ အဆင်မပြေခဲ့သော အဖြစ်အပျက် ဖြစ်သည် ။ ထိုစာသင်ချိန်မတိုင်ခင် တစ်ရက်ကတည်းက ဆရာမက

"အေး… ပြောပြီးပြီနော်။ နောက်နေ့စာမေးလို့ မရရင် နင်တို့ လျှာတွေကို ငရုတ်သီးနဲ့ ပွတ်မှာ …။ မလုပ်ဘူးမထင်နဲ့ တကယ်လုပ်မှာ "ဟု ပြောခဲ့သည် ။ ဆရာမတစ်ယောက်က သူ့ဘာသာရပ်မှ ကျက်စာတချို့ကို ကျက်ခိုင်းခဲ့သည် ။ စာမရလျှင် ငရုတ်သီးနှင့် ပွတ်မှာ ဟု ပြောသည် ။ ဆရာမက တကယ်လုပ်မှာ ဟု ဆိုခဲ့သည့် တိုင် တကယ်မလုပ်လောက်ဘူးဟု သူ ထင်ခဲ့သည် ။ ဒါမှ မဟုတ် သူတို့ ထင်ခဲ့သည် ။ သို့သော် ပြောထားသည့် အတိုင်း တကယ်လုပ်ရက်ခဲ့ပါသည် ။ ထိုဆရာမသည် စူးရဲမာတင်းလွန်းသော မျက်နှာထား ကိုလည်း ပိုင်ဆိုင်သူ ဖြစ်သည် ။ ထိုဆရာမ တစ်ချက် စိုက်ကြည့်လိုက်ရင် သာမန်ကျောင်းသားတစ်ယောက် မြန်မာစကားကိုပင် ထစ်ငေါ့ သွားတော့မည် ဖြစ်သည် ။

အခု ထိုဆရာမက အတန်းထဲကို စာမေးသည် ။ သူလည်း သေချာကျက်လာသည် မို့ စာကို ကောင်းစွာ အလွတ် ဆိုပြနိုင်ခဲ့သည် ။ သို့သော် စာမရ၍ ခုံပေါ်တက်၍ လက်ပိုက်နေရသော ကျောင်းသား၊ ကျောင်းသူ ခုနစ်ယောက် ရှစ်ယောက်ရှိလာသည် ။ ခုံပေါ်မှ ကျောင်းသားများကို ကြည့်ပြီး ဆရာမ၏ နှုတ်ခမ်း သုံးပုံတစ်ပုံမှာ မဲ့နေသည် ၊ ကျန်နှစ်ပုံမှာ ပြုံးနေသည် ။ မဲ့ပြုံးဟု ဆိုရမည်။

"ငါ့ကို တကယ်မလုပ်ဘူးထင်လို့ စမ်းတာပေါ့ ဟုတ်လား။ အေး… တွေ့မယ်…"

ကျောင်းစောင့်သည် ထိုဆရာမ မှာ ထား၍  မိုးမျှော်ငရုတ်သီးစိမ်း အတောင့်ကြီးများကို ပြတင်းပေါက်ဝမှ တစ်ဆင့် လာပေးသည် ။ ဆရာမက ငရုတ်သီးတောင့်များကို လက်ဖဝါးပေါ်တင်ကာ ရယ်သည် ။ ထိုရယ်သံက တိုးညင်းသည့် တိုင် သူက စူးရှရက်စက်စွာကြားမိသည် ။ ဆရာမသည် ခုံပေါ်တက် မတ်တပ်ရပ်နေသော ကျောင်းသားကျောင်းသူများကို တစ်တောင့်စီပေးသည် ။

ကျောင်းသားတစ်ယောက်သည် ငရုတ်သီးတောင့်ကို လျှာနှင့် ပွတ်ရင်း ခွဲကျိုနေသော တံတွေးတန်းကြီးတစ်ခု ပြုတ်ကျသွားသည် ။ ကျောင်းသားက ခုံပေါ်တက် မတ်တတ်ရပ်ထားရသဖြင့် တံတွေးတန်းကြီး ထွက်ကျသွားသောအခါ ဘေးမှ သူနှင့် အတူထိုင်ရသော ကျောင်းသားက အမြန် ရှောင်လိုက်ရသည် ။ တစ်ခန်းလုံး ဝိုင်းရယ်ကြသည် ။ ကျောင်းသား နောက် ထပ်တစ်ယောက်သည် ငရုတ်သီးကို လျှာနှင့် ပွတ်ရင်း ခဏနားကာ အထဲမှ ငရုတ်သီးအစေ့လေးများကို ခြွေချလိုက်သည် ။

"အောင်မယ်... သင်းက လူလည်လာလုပ်လို့ ဘယ်ရမလဲ နောက် တစ်တောင့် အသစ်ပေးမယ်..."

" မဟုတ်ဘူး ဆရာမ။ အဆန်တွေက သူ့ဘာသာ ကြွေကျသွားတာ... "

ထိုကျောင်းသား၏ လျှောက်တင်ချက်ကို ဆရာမက ဘောင်မသွင်းပါ ။ ငရုတ်သီး အသစ်တစ်တောင့် ထိုကျောင်းသားလက်ထဲ ထပ်ရောက်လာသည် ။ ထိုကျောင်းသား အစကပြန်၍ လျှာကို ငရုတ်သီးနှင့် ပွတ်ရပြန်သည် ။

စာမရတဲ့ သူတွေထဲတွင် ကောင်မလေး နှစ်ယောက် သုံးယောက်လည်း ပါသည် ။ ကောင်မလေး တစ်ယောက်က လျှာနှင့် ငရုတ်သီးကို ပွတ်

လိုက်၊ ခဏနားလိုက်၊ ရှက်ရယ် ရယ်လိုက် လုပ်နေသည် ။ အနည်းငယ် ရုပ်ရည်သင့်တင့်သော ကောင်မလေးက ဧရာတ်သီးကို ပွတ်ရင်း ရှက်၍ ငို သည် ။

ဆရာမက ထိုကျောင်းသူနား ရောက် လာပြီး

"ကောင်မ ငိုမနေနဲ့ ။ နင် စာမရလို့ ငါ လုပ်တာ။ ဒါမျိုးမဖြစ်ချင်ရင် နောက်တစ်ခါ စာကျက် ဒါပဲ"

ဆရာမက ဧရာတ်သီးပွတ်သူများကို ကြည့်ရင်း နှုတ်ခမ်း၏ အစွန်း က သဘောကျစွာ ကွေးညွတ်၍ ပြုံးနေသည် ။ ထိုနှုတ်ခမ်း အနေအထား မှာ သူ့အာရုံတွင် အလွန်ကြောက်မက်ဖွယ် ကောင်းခဲ့သည် ။ ထို့ကြောင့် ထိုအပြုံးကို သူ စွဲထင်သွားခြင်း ဖြစ်သည် ။ ထိုအပြုံးသည် စေတနာအပြုံး၊ တပည့်များကို ပညာမတတ်မည် စိုး၍ မလွှဲသာသောကြောင့် အပြစ်ပေးနေရသော အပြုံးမျိုးဟု သူခံစား၍ မရ။ သူ့ရင်ထဲတွင် မျက်နေသည် ။ ထိုအပြုံးကို ဘာအပြုံးအမျိုးအစားမှန်း သူ သိနေသလိုလို ဖြစ်နေခဲ့သည် မှာ နှစ်ပေါင်းများ စွာ ကြာအောင်ပင် ဖြစ်ပါသည် ။

သူ ထိုအဖြစ်အပျက်ကို အမှတ်မထင် သတိရလိုက်ရာမှ နေလို့ ပင် သိပ်မကောင်းတော့။ မကောင်းသည့် အတိတ်တွေကို သတိမရအောင် ဘယ်လိုလုပ်ရမလဲ။ နည်းလမ်းတစ်ခုခုတော့ ရှိမည်။ သူအာရုံကျသည့် တစ်နေ့မှ ထိုအကြောင်း အသေးစိတ် ပြန်တွေးတောဦးမည်ဟု ကိုယ့်အ တွေးကိုယ် အမှတ်အသား လုပ်ကာ သိမ်းဆည်းဖြစ်သည် ။ သူ့ရှေ့မှာ ကျောင်းသူနှစ်ယောက် ဖြတ်လျှောက်ရင်း ရန်ဖြစ်နေသံကိုကြားမှ သူ့ပုံ့ လွင့် နေသောအတွေးကို ရပ်တန့်ပစ်နိုင်သည် ။ သူ့ရှေ့မလှမ်းမကမ်းမှာ ကျောင်းသူနှစ်ယောက် ရန်ဖြစ်နေသည် ။ ရှစ်တန်းအရွယ် ကျောင်းသူနှ

င့် ငါးတန်းအရွယ် ကျောင်းသူတို့ ဖြစ်သည် ။ ရုပ်တွေကို ကြည့်ရတာ ညီအစ်မနှစ်ယောက် ဖြစ်ပုံရသည် ။ မုန့်ဖိုး အဝေအခွဲမတည့်၍ တစ်ယောက်နှင့် တစ်ယောက် ဆဲဆို ရန်ဖြစ်နေခြင်းလား မသိ။ အငယ်မလေးကပို၍ ကျယ်လောင် ညစ်ညမ်းစွာ ဆဲနေသည် ။ ငယ်ငယ်လေးနှင့် ထိုသို့ ဆဲနေတာမကောင်း။ အင်း... ကြီးမှ ဆဲတာလည်း မကောင်း။ ဘယ်အချိန်ဖြစ်ဖြစ် ဆဲခြင်းက ကောင်းသည့် ကိစ္စတော့မဟုတ်။ သို့သော် သူတို့ လူငယ်ယောကျ်ားလေး သူငယ်ချင်းတွေကြား ဆဲတာကတော့ မဆန်း။ နှုတ်ဆက်ရင်တောင် အဆဲလေးနှင့် နှုတ်ဆက်မှ ရင်းနှီးသယောင် ခံစားရသည် ။ ယောကျ်ားလေး ဘော်ဒါအချင်းချင်း အတည်အခန့်ကြီးနှင့် အဆဲမပါဘဲ ပြောနေရသည် က သူစိမ်းအနံ့ ထွက်သလို ခံစားရသည် ။ သို့သော် သူအခု ထိုကလေးမလေး ဆဲနေသည် ကို ကြည့်ပြီး စာသင်နှစ်တစ်နှစ်ကို သတိရမိပြန်သည် ။ ခုနစ်တန်းနှစ်ကိုပါ။

၂၀၀၂ ခုနှစ်တုန်းက သူသည် ခုနစ်တန်းကျောင်းသား တစ်ဦး ဖြစ်သည် ။

သူ့စာသင်နှစ်တွေထဲတွင် သူအပျော်ဆုံးစာသင်နှစ်မှာ ခုနစ်တန်းနှစ်ဖြစ်သည် ။ ထိုနှစ်တွင် သူ့အတွက် အစစအရာရာ မျှတမှုရှိသည် ဟု ခံစားရ သည် ။ အိမ်လည်း စီးပွားရေးသိပ်မဆိုး၊ သူလည်း ပညာရေးအခြေအနေ မဆိုး၊ အတန်းပိုင် ဆရာမနှင့် လည်း အဆင်ပြေ၊ ဘောလုံးလည်း ပြန်ကန်နိုင်၊ ငါးလည်း မျှားတတ်ခဲ့သည် ။

ထိုခုနစ်တန်းနှစ်တွင် ပဲ သူ မှတ်မိသော အဖြစ်အပျက်တစ်ခုက ရှိခဲ့သည် ။ ထိုအဖြစ်အပျက်ကတော့ အတန်းထဲမှ စရိုက်ကြမ်းပြီး စည့်သည့် ရုပ်ဆိုးဆိုး ကောင်မလေးတစ်ယောက် အကြောင်း ဖြစ်သည် ။ ထိုကောင်မလေး အိမ်သို့ ဆရာမ၏ ခိုင်းစေမှုဖြင့် အတန်းဖော်ကောင်မ

လေး တချို့က ကထိန်ကြေး အလှူငွေလားမသိ၊ နောက်ဆုံးကျန်၍ သွား ကောက်သည် ။ ထိုကောင်မလေးက ပိုက်ဆံထုတ်ပေးရင်း ပိုက်ဆံ တောင်းခိုင်းသည့် ဆရာမကို ညစ်ညမ်းစွာ ကျိန်ဆဲလိုက်သည် ။ ဤသည် ကို ပိုက်ဆံသွားတောင်းသည့် ကောင်မလေးတွေက ဆရာမကို ပြန်တိုင်ကြားလိုက်သည် ။ နောက်ရက်ကျတော့ ထိုကျိန်ဆဲသည့် အကြောင်းကို ကောင်မလေးကို စစ်မေးသည် ။ ကောင်မလေးက ငြင်း သော်လည်း တိုင်ပြောသည့် ကောင်မလေးတွေက အခိုင်အမာ ပြောသ ည် မို့ ဆရာမကမယုံ။ ကောင်မလေး မိဘတွေ ခေါ်ရသည် ။ လူအများကြားတွင် ငိုယိုကာ ဆရာမကို ရှိခိုးတောင်းပန်ရသည် ။ ထို ကောင်မလေးကို တစ်တန်းလုံးက ဆရာမကိုတောင် ကျိန်ဆဲရဲသည့် မို က်ရိုင်းသော လူတစ်ယောက်အဖြစ် ဝိုင်းကြည့်ကြသည် ။ တခြား ဆရာ မတွေကလည်း ထိုကောင်မလေးကို မြေမျိုမည့် ကောင်မလေးဟု မကြားတကြား ပြောကြသည် ။ ကောင်မလေးမှာ တုန်လှုပ်ကာ ရှက်သွားသည် ။ ကြီးမားသည့် အမည်းစက်၊ အရှက်ရမှုကြောင့် သူမ စိ တ်တွေ ချုံးချုံးကျ ကြေကွဲသွားသည် ကို မြင်နေရသည် ။ ထိုကောင်မ လေးကို ဘယ်သူမှ စကားမပြောကြတော့၊ ထိုကောင်မလေးကို ဘယ်သူ မှ အဖက် မလုပ်ကြတော့၊ ကောင်မလေးကို ဝေးဝေးမှ ကွင်းရှောင်သွားကြသည် ။ ကောင်မလေးအတွက် မှောင်မည်း၍ အဖော် မဲ့ကာ အကြဉ်ခံရသော ရက်စက်သည့် နေ့စွဲများ ရောက်လာခဲ့သည် ။ သို့ သော် ထိုအဖြစ်အပျက်အပြီး ကောင်မလေးမှာ စာတွေ တိတ်တဆိတ် ကြိုးစားခဲ့သည် ။ သိပ်မကြာခင် လပတ်စာမေးပွဲပြီး၍ အဆင့်တွေ ကြေ ညာကြသော အခါတွင် ခါတိုင်း အဆင့် ငါးဆယ်ကျော်နေသည့် ကောင် မလေးသည် အဆင့် ၁၀ အတွင်း ဝင်လာခဲ့ သည် ။

အဆင့်ကြေညာသည့် ဆရာမက ထိုကောင်မလေး နာမည်ကို ကြေ

ညာသောအခါ တစ်တန်းလုံး ကောင်မလေးကို လှည့်ကြည့်ကြသည် ။ ကောင်မလေးက ဆံပင်တွေနှင့် ဖုံးအုပ်ကာ သူ့ခေါင်းကို ငုံ့သွားသည် ။ ဆရာမကလည်း ထိုကောင်မလေး နာမည်ကို ကြေညာအပြီး အနည်းငယ်ပြုံး သွားသယောင် ရှိသည် ။ တစ်တန်းလုံးကလည်း ထိုရိုင်းစိုင်းရုပ်ဆိုးသော ကောင်မလေးမှာ လိမ္မာကာ စာတော်သော ကျောင်းသူ တစ်ယောက်အဖြစ် ပြောင်းလဲသွားသည် ကို အံ့ဩကာ ပြုံးသွားကြသည် ။ စာသင်နှစ်တစ်ခု၏ ထင်ရှားသော အဖြစ်အပျက် တစ်ခုအဖြစ် သူ မှတ်မိနေခဲ့သည် ။

သူလည်း ထိုအဖြစ်အပျက်ကို ပြန်တွေးကာ ပြုံးဖြစ်သည် ။

ကျောင်းထဲ ဆရာမတွေ ကျောင်းသားတွေ တဖွဲဖွဲဝင်လာကြသည် ။ အချိန်သိပ်မစောတော့။ ကျောင်းပေါက်ဝမှ ဆရာမ ဒေါ်မြင့်မြင့်စိန် ဝင်လာသည် ကို တွေ့ရသည် ။ ဆရာမလက်ထဲမှာ ထမင်းချိုင့်နှင့် တခြားထွေလီကာလီများ ထည့်ထားသော လက်ဆွဲခြင်းနှင့် သပြေပန်းစည်းတွေကို ကိုင်လာသည် မို့ သူထိုင်ရာမှ ထကာ ဆရာမဆီသွားလိုက်သည် ။ သူ ဆရာမအလာကို လမ်းမှ ဖြတ်စောင့်ကာ ခြင်းကို သယ်ပေးရန် ရည်ရွယ် လိုက်သည် ။ ဆရာမအနား ရောက်တော့ သူ့ကိုတွေ့ကာ ပြုံးသွားသည် ။ သူ ဆရာမလက်ထဲမှ ခြင်းကို ယူကာ သယ်ပေးရန်ပြင်တော့ ဆရာမကလည်း သူ့ကို ခြင်းပေးလိုက်သည် ။

ဆရာမက တာံခွန်တိုင်ဘက်မှ နန်းတွင်းထဲအထိ ဘတ်စ်ကားစီး၍ လာရသည် မို့ ဝေးလွန်းလှသည် ။ ဆရာမ၏ ဆံထုံးတွင် ပန်းတစ်ပွင့်ကို တွေ့ရသည် ။ ဆရာမကို သူတွေ့ခဲ့သည့် ဆယ်နှစ်လုံးလုံး ဆရာမက ပန်းတစ်ပွင့် မဟုတ် တစ်ပွင့်ကို ပန်ဆင်ထားခြင်းကို ကျက်သရေရှိစွာ မြင်ရသည် ။ ဆရာမက လှလည်း လှသေးသည် ။ ဆရာမက တကယ့်

ဆရာမရုပ် ပေါက်သည် ။ မြို့ကြီးပြကြီးက ဆရာမ အငွေ့အသက်ထက် ကျေးလက်မြို့လေးမှာ နေပြီး တပည့်တွေကို အနစ်နာခံကာ စေတနာအပြည့်နှင့် သင်နေသည့် တောကျောင်း ဆရာမလေးတစ်ဦးနှင့် ပိုတူသည် ။

"ကျောင်းအစောကြီး လာပြီး ဘာလုပ်တာလဲ။ မနက်ပိုင်း ကျူရှင် မရှိဘူးလား"

"ရှိတယ်။ မတက်တာ ဆရာမ။ Chemistry အချိန်မို့ ပျင်းလို့ "

ဆရာမ သူ့ကို ဗိုက်ခေါက် လိမ်ဆွဲချင်သွားလိမ့်မည်ကို သူ သိသည် ။ သူရယ်လိုက်သည် ။

"ဆံပင်က မညှပ်သေးဘူးလား"

"နည်းနည်းတိုပါသေးတယ်"

"ထောက်တွေက ရှည်နေပါပြီ"

ဆရာမကို သူ့ကို တွေ့သည့် ဆယ်ကြိမ်တွင် ဆံပင်ညှပ်ဖို့ ကိစ္စက ကိုးကြိမ်လောက် ပြောတတ်သည် ။ သူ့ဆံပင်ကလည်း အများအားဖြင့် ရှည်နေသည် ပဲ။ အထက်တန်းကျောင်းသား တစ်ယောက်အတွက် ရှည်သည် ဟု ပြော၍ ရသော အရှည်မျိုးဖြစ်သည် ။ သူကတော့ ဆံပင်အရှည်နှင့် ပဲ ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းသည် ဟု ထင်ပြီး နေလို့ ထိုင်လို့ ကောင်းသလို လည်း ခံစားရသည် ။

"ကျူရှင်က ဘယ်ကျူရှင်မှာ တက်တာလဲ"

"ဆရာမ ဒေါ်ဆွေဆွေသန်းဆီမှာ "

"ဩော်... နန်းတွင်းထဲပဲပေ့ါ"

"ဟုတ်"

"ရဲလွင်ထွန်းတို့ ကော ဘယ်မှာ တက်လဲ..."

"ငလွင်လည်း ကျွန်တော်နဲ့ အတူတူပဲ"

"သြော်... ပေါင်းမိနေကြပြန်ပြီပေါ့"

"အမြဲပေါင်းနေတာပဲကို ဆရာမကလည်း "

ဆရာမကို သူငယ်တန်းဆရာမများ နားနေဆောင်ထိ လိုက်ပို့ပြီးမှ သူပြန်ခဲ့သည် ။ သူ တက်ခဲ့သည့် သူငယ်တန်း ကျောင်းဆောင်လေးကိုတောင် သူ လည်ပြန် ငေးကြည့်မိသေးသည် ။ ဖြစ်နိုင်လျှင် သူငယ်တန်းပဲ ပြန်တက်ချင်သည် ။ ဟင်း... အခုတော့ သောက်ဇယားရှုပ်သည့် ဆယ်တန်းဆောင်ဆီ ပြန်ရဦးမယ်။

***